မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 14 , 2023 Volume 67, Number 10

၁၄.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် BIMSTEC Business Conclave သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြား




အိန္ဒိယသမ္မတနိုင်ငံ၊ ကုန်သည်များအသင်း(Indian Chamber of Commerce–ICC)၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇွန်လ ၁၃ ရက်က အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့ရှိ Hytta Regency Kolkata Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ဘင်းစတက်စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ(BIMSTEC Business Conclave)သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် (၁၀ : ၁၅) နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ကုန်သွယ်မှုပိုမိုမြှင့်တင်ရေးအတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ကုန်သွယ်နိုင်မည့် အလားအလာရှိသော ကုန်ပစ္စည်းများရှာဖွေရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် သွင်းကုန်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတည်ဆောက်ရန်တို့အတွက် စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများသို့ (B 2 B) ထိတွေ့ဆက်ဆံမှုများကို အားပေးသွားရန်၊ မြန်မာနိုင်ငံတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံငွေကြေးများကို သုံးစွဲနိုင်ရေးကိစ္စရပ်များ၊ နှစ်ဖက်ကုန်သည်များ

အကြား ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးစသည်တို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့အပြင် ဘင်းစတက်နိုင်ငံများအကြား လမ်းပန်းဆက်သွယ်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ထည့်သွင်းစဉ်းစားနိုင်ရေးတို့ကိုပါ အကြံပြုဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဘင်းစတက်နိုင်ငံများမှ ထုတ်ကုန်ပြပွဲများ ခင်းကျင်းပြသထားရာနေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ခင်းကျင်းပြသထားသောပြခန်းအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် (၁ : ၄၅) အချိန်တွင် Ballroom One တွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု – အခွင့်အရေးနှင့်အတားအဆီးများဖိုရမ်သို့ တက်ရောက်အားပေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဦးအေးဝင်းမှ Panellist အဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Ballroom Two တွင် ကျင်းပပြုလုပ်သည့် ဘင်းမ်စတက် ရင်းနှီးမြှုပ်နှံမှုဖိုရမ်–စိန်ခေါ်မှုနှင့်အခွင့်အလမ်းသို့ ဆက်လက်တက်ရောက်အားပေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် မှ Panellist အဖြစ် ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဆွေးနွေးပွဲသို့ အိန္ဒိယသမ္မတနိုင်ငံ၊ ကုန်သည်များအသင်းဥက္ကဋ္ဌ Mr. MehulMohanka ၊ အိန္ဒိယနိုင်ငံအစိုးရ ပြည်ပရေးရာနှင့်ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး Dr. Rajkumar Ranjan Singh ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Nurul Majid Mahmud Humayun ၊ နီပေါနိုင်ငံ၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနဝန်ကြီး Mr. Ramesh Rizal ၊ သီရိလင်္ကာနိုင်ငံ၊ စက်မှုဝန်ကြီးဌာနဝန်ကြီး Dr. Ramesh Pathirana ၊ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. VijavatIsarabhakdi ၊ ဘူတန်နိုင်ငံ၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်ဝန်ကြီးဌာန၊ အတွင်းရေးဝန်၊ Ms. Tashi Wangmo၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Ameya Prabhu ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ကြွယ်ကြွယ်ဇင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ဟန်တို့အပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%

## ရှမ်းပြည်နယ်ဒေသထွက်ကုန်များ ပြည်ပသို့တိုးမြှင့်တင်ပို့ နိုင်ရေး ဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်များ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SSSCCI) ရုံးခန်းမ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိမ်းမောင်က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်၊ စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို၊ မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်တို့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများတက်ရောက်ခဲ့၍ အသင်းအဖွဲ့၊ အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။





ဆွေးနွေးပွဲတွင် ပို့ကုန်လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့်အခက်အခဲများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ထုတ်လုပ်မှုအတွက်လိုအပ်ချက်များ ဒေသထွက်ကုန်များ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

**Source: https://myantrade.gov.mm/article/naypyitaw_14062023_1050**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၉ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့်လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲနှင့် ကြိမ်များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၅၀၀၀၃၃.၁၂ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၂၉၂၁၀၈၁.၂၉ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၀၇၈၉၅၁.၈၃ ကန်ဒေါ်လာ တန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၉ ရက်နေ့အတွင်း သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၉၈၈၉၃၀.၉၉ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၀၉၃၆၂၂.၅၆ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၄၆၉၁.၅၇ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၀၁၁၁၀၂.၁၃ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄.၁၁ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်၏ ကုလားပဲဈေးနှုန်း ဆက်တိုက်မြင့်တက်လာ

ဇွန်လဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲမှာ ဆက်တိုက်ဈေးမြင့်တက်လျက်ရှိသည်။ လက်ကျန်နည်းလာ၍ လှောင်လက်ကုန်သည် အရောင်းသမားများ ထုတ်ရောင်းသလောက်သာ စောင့်ဝယ်ယူနေရသည့်အခြေနေဖြစ်ခြင်း၊ ပို့ကုန်ပဲများ ဈေးမြင့်လာခြင်းနှင့်အတူ ပြည်တွင်းသုံး ကုလားပဲ

များလည်း လိုက်ပါဈေးမြင့်လာခြင်းတို့ကြောင့် ယခင်ကမရဘူးသော ဈေးများသို့ရောက်ရှိနေကြောင်း၊ မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၅၀၀၀ မှ ၂၆၈၀၀၀၊ ယခင်လ ကျပ် ၂၂၃၀၀၀ မှ ၂၂၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၈၀၀၀၊ ယခင်လထက် ကျပ် ၄၈၀၀၀ မှ ၅၀၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၀၀၀၀ မှ ၂၆၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၂၀၀၀ မှ ၂၅၃၀၀၀၊ ယခင်လ ကျပ် ၂၀၄၀၀၀ မှ ၂၁၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ယခင်လ ကျပ် ၄၈၀၀၀ မှ ၄၉၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၃၀၀၀ မှ ၂၇၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၀၀၀၀ မှ ၂၆၁၀၀၀၊ ယခင်လ ကျပ် ၂၂၀၀၀၀ မှ ၂၂၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၁၀၀၀၊ ယခင်လထက် ကျပ် ၄၉၀၀၀ မှ ၅၁၀၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇.၂၅ ပိဿာဝင်သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၃၀၀၀ မှ ၂၇၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၈၀၀၀၊ ယခင်လ ကျပ် ၂၂၄၀၀၀ မှ ၂၂၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၇၀၀၀၊ ယခင်လထက် ကျပ် ၄၉၀၀၀ မှ ၅၀၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## မန္တလေးကုန်စည်ဒိုင်တွင် ပဲမာလိုင်းများ အမြင့်ဈေးဖြင့်အရောင်းအဝယ်သွက်နေ

ဇွန်လ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင်၊ ပဲမာလိုင်းများ လက်ကျန်နည်းလာ၍ လှောင်လက်အရောင်း သမားများ ထုတ်ရောင်းသလောက်သာ ဝယ်ယူနေရခြင်းကြောင့် ဝယ်လိုအားကောင်းနေကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် မြန်မာ့ပို့ကုန်ပဲအပေါ် အဓိကမှီခိုနေရတာကို လျှော့ချရန်အတွက် ဈေးကွက်အသစ်တွေ ရှာဖွေနေသော်လည်း ၎င်းနိုင်ငံ၏ ပဲလိုအပ်ချက်များသောကြောင့် မြန်မာ့ပဲဝယ်ယူမှု လျှော့ချ၍မရသေးကြောင်း၊ ဒါကြောင့် မြန်မာ့ပဲဈေးနှုန်းများ အမြင့်ဈေးဘက် သို့သာရှိနေကြောင်း ရွှေစင်သိန်းပွဲရုံမှဦးကျော်သွင်၏ ပြောပြချက်အရ သိရသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၄၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၃၀၀၀၀ မှ ၂၃၅၀၀၀၊ ယခင်လ ကျပ် ၂၁၆၀၀၀ မှ ၂၁၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက်ကျပ် ၂၈၀၀၀ မှ ၂၉၀၀၀ မြင့်တက်လာသည်။

**ပဲစင်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၁၃၀၀၀ ဈေးရှိပြီး၊ ယခင်တစ်ပတ် ကျပ် ၃၁၅၀၀၀ မှ ၃၂၀၀၀၀၊ ယခင်လ ကျပ် ၂၄၃၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၇၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၇၀၀၀၀ မြင့်တက်လာသည်။

**ပဲစင်းငုံ(ဖြူ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀ဈေးရှိပြီး၊ ယခင်တစ်ပတ် ကျပ် ၂၉၀၀၀၀ မှ ၃၁၀၀၀၀၊ ယခင်လ ကျပ် ၂၃၀၀၀၀ မှ ၂၃၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက်ကျပ် ၆၀၀၀၀ မြင့်တက်လာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၈၀၀၀၀ မှ ၃၁၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၅၀၀၀ မှ ၃၀၅၀၀၀၊ ယခင်လ ကျပ် ၂၇၀၀၀၀ မှ ၂၈၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## စစ်ကိုင်းတိုင်းတွင် ဖြစ်ပေါ်နေသော စပါး/ ဆန်စျေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ


https://www.commerce.gov.mm

စစ်ကိုင်းတိုင်းဒေသကြီးရှိ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်တို့တွင် စပါး၊ ဆန်စျေးနှုန်းများ အနည်းငယ်မြင့်တက်နေပြီး၊ ကျန်ခရိုင်များတွင် စျေးအေးနေကြောင်း သိရသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(ဒုတိယ)ပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်စျေးနှုန်းများမှာ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် (၂၉၀၀,၀၀၀)၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် (၉၀,၀၀၀) ကျပ်၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် (၁,၉၅၀,၀၀၀)၊ ရောမင်း(ဆန်)၂၄ ပြည်တစ်အိတ်လျှင် ကျပ် (၈၀,၀၀၀) ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင်တွင် ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် (၂,၉၀၀,၀၀၀)၊ ပေါ်ဆန်း(ဆန်)တစ်အိတ်လျှင်ကျပ်(၉၀,၀၀၀)၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် (၁,၉၅၀,၀၀၀)၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် (၈၀,၀၀၀) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်တွင် ဧည့်မထ (စပါး) တင်း ၁၀၀ လျှင် ကျပ် (၁,၉၀၀,၀၀၀)၊ ဧည့်မထ (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် (၇၂,၀၀၀)၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ကျပ် (၁,၈၀၀,၀၀၀)၊ ငစိန်(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ်(၇၀,၀၀၀)၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ်(၂,၀၀၀,၀၀၀)၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ်(၈၀,၀၀၀) ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှ မော်ဘီ (၂) (စပါး) တင်း ၁၀၀ လျှင် ကျပ် (၁,၆၅၀,၀၀၀)၊ မော်ဘီ (၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် (၆၅,၀၀၀)၊ ဆင်းကေရီ(၃) (စပါး) တင်း ၁၀၀ လျှင် ကျပ်(၁,၅၀၀,၀၀၀)၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် (၆၃,၀၀၀)၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် (၁,၇၅၀,၀၀၀)၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် (၇၅,၀၀၀) ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် (၂,၂၀၀,၀၀၀)၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ်(၉၀,၀၀၀)၊ ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ်(၂,၈၀၀,၀၀၀)၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင်ကျပ် (၉၅,၀၀၀)၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ကျပ်(၁,၈၀၀,၀၀၀)၊ မနောသုခ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ်(၇၅,၀၀၀) ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် (၁,၉၅၀,၀၀၀)၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ်(၈၀,၀၀၀)၊ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင်ကျပ်(၂,၈၀၀,၀၀၀)၊ ပေါ်ဆန်း(ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် (၉၀,၀၀၀)ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လ(ပထမ)ပတ်တွင် ရန်ကုန်သို့ အိတ်ရေ (၂၄၀၀၀)၊ မန္တလေးသို့အိတ်ရေ(၃၆၉၀၀)၊ မကွေးသို့အိတ်ရေ(၆၀၀)၊ နေပြည်တော်သို့ အိတ်ရေ(၁၀၀၀၀)၊ ရှမ်း(တောင်)သို့ အိတ်ရေ(၈၀၀၀)၊ ရှမ်း(မြောက်)သို့ အိတ်ရေ(၈၀၀၀)၊ ကချင်သို့ အိတ်ရေ(၁၅၀၀)၊ စုစုပေါင်းအိတ်ရေ (၈၉၀၀၀) အိတ်၊ တန်အားဖြင့် (၄၄၅၀) စီးထွက်ခဲ့ပြီး ယခုဇွန်လ(ဒုတိယ) ပတ်တွင် ရန်ကုန်သို့ အိတ်ရေ (၂၅၀၀၀)၊ မန္တလေးသို့ အိတ်ရေ (၂၇၃၇၀)၊ မကွေးသို့ အိတ်ရေ (၃၀)၊ နေပြည်တော်သို့ အိတ်ရေ (၉၀၀၀)၊ ရှမ်း(တောင်)သို့ အိတ်ရေ (၇၅၀၀)၊ ရှမ်း(မြောက်)သို့ အိတ်ရေ (၇၅၀၀)၊ ကချင်သို့ အိတ်ရေ (၃၀၀၀)၊ စုစုပေါင်းအိတ်ရေ (၇၉၄၀၀)အိတ်၊ တန်အားဖြင့် (၃၉၇၀) စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ (၉၆၀၀) တန်အားဖြင့် (၄၈၀) လျော့နည်းစီးထွက်ခဲ့ကြောင်း သိရှိရသည်။

**DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade

## ထိုင်းမှာ ကြက်ဥဈေး စံချိန်တင်မကြုံစဖူးဈေးတက်



https://www.foodindustrydirectory.com.mm

ကြက်ဥဆိုင်ပိုင်ရှင် အသက် ၆၅နှစ်ရှိသူ Wanchai Rungmitcharatsaeng က သူသည် ကြက်ဥရောင်းချခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ယနေ့ ကြက်ဥဈေးသည် သူကြုံတွေ့ဖူးသမျှ အမြင့်ဆုံးဖြစ်သည်ဟုပြောသည်။

ကြက်ခြံများတွင် ဥနှုန်းကျသည့် ကြက်များကို ကြက်မဒမ်းများ နှင့် အစားထိုးနေကြသဖြင့် လောလောဆယ် ကြက်ဥအထွက်နည်းပြီး ကြက်ဥ ပြတ်လပ်ကာ ဈေးတက်သွားသည်ဟု အချို့သော ကြက်ဥကုန်သည်များက ဆိုသည်။ အချို့ကြက်ဥကုန်သည်တို့က ပြည်ပသို့ တင်ပို့နေသောကြောင့် ကြက်ဥများ ဈေးမြင့်လာရခြင်း ဖြစ်သည်ဟုဆိုသည်။

ထိုင်းကြက်ဥဈေးကွက်တွင် ကြက်ဥများကို အရွယ်အစား အကြီးအသေးအရ နံပါတ်တပ်ပြီး ရည်ညွှန်းပြောဆိုကြသည်။ နံပါတ် သုည No. 0 ကြက်ဥများသည် အရွယ်အစား အကြီးဆုံးဖြစ်သည်။ နံပါတ် ၁ No. 1 သည် နံပါတ် သုညထက်ငယ်ပြီး နံပါတ် ၂ No. 2 ထက်ကြီးသည်။ ထိုအတိုင်း နံပါတ်စဉ် ထိုးသွားသည်။ နံပါတ်ကြီးလေလေ ကြက်ဥအရွယ်အစား ငယ်လေလေ ဖြစ်သည်။

ကြက်ဥဈေးမြင့်သဖြင့် No. 0 ကြက်ဥများကို ဆိုင်အများစုက ဆိုင်မှာမတင်ကြတော့ချေ။ မရောင်းရလျှင် ကြက်ဥသည် ပုပ်သိုးကုန်စည်ဖြစ်သဖြင့်ရက်ကြာကြာ အထားမခံချေ။ ဈေးကြီးသဖြင့် ဝယ်သူနည်းပါးနေသဖြင့် No. 0 ကြက်ဥများကို မရောင်းကြတော့ချေ။ အရွယ်ငယ်သည့် ကြက်ဥများကိုသာ ရောင်းချကြသည်ဟု ၎င်းကပြောကြားသည်။

No. 0 ကြက်ဥများသည် ယခုအခါ အလုံး ၃၀ ပါ တစ်ကတ်လျှင် ၁၄၅ ဘတ် ပေါက်ဈေးဖြစ်နေသည်။ တစ်လုံးချင်း ဝယ်လျှင် တစ်လုံး ၆ ဘတ် ပေးရသည်။ ယခင်က တစ်ကတ်လျှင် ဘတ် ၁၄၀ အောက်တွင်သာ ပေါက်ဈေးရှိသည်ဟု ၎င်းက ပြောကြားသည်။

No. 0 ကြက်ဥ အရွယ်ငယ်သည့် No. 1 ကြက်ဥများ လက်ကားဈေးနှုန်းမှာ တစ်ကတ်လျှင် ၁၃၅ ဘတ် ပေါက်ဈေးရှိသည်။ လက်လီဝယ်ပါက တစ်လုံး ၄ ဒသမ ၅ ဘတ် ပေးရသည်။ “ဆိုင်ကို ဥတွေပေးနေတဲ့ ခြံတွေက အခုဆို ကြက်မအရင့်တွေကို ငယ်တဲ့အကောင်တွေနဲ့ အစားထိုးနေလို့ ထွက်နှုန်းနည်းနေတယ်လို့ပြောတယ်။ ပြည်ပပို့ကုန် ကြက်ဥကလည်း ဝယ်လိုအားက အရမ်းများနေတယ်လို့ ပြောကြတယ်" ဟု ၎င်းကပြောကြားသည်။

ထိုင်းကြက်ဥ ရောင်းဝယ်ရေးအသင်း Thai Egg Merchant Trade Association ဥက္ကဋ္ဌ Suthasin Amaruek က No. 3, 4 , 5 ကြက်ဥများသည် အရွယ်အစားငယ်သဖြင့် ပြည်ပသို့ တင်ပို့ခြင်းမပြုချေ။ သို့သော် ၎င်းကြက်ဥများ၏ ဈေးနှုန်းများသည် ပြီးခဲ့သည့် နှစ်လ သုံးလအတွင်း ဈေးမြင့်တက်ခဲ့သည်ဟု ပြောကြားပါသည်။

ပြီးခဲ့သည့် လအနည်းငယ်အတွင်း ကြက်ဥဈေးနှုန်းများ အကြိမ်ကြိမ် တက်ခဲ့သည်။ တစ်ခါတက်လျှင် တစ်ကတ်ကို ၂-၆ ဘတ် တက်ခဲ့ပါသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6331-egg-prices.html

## မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူလာစေရန် ဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုတို့ သီးခြားတွေ့ဆုံ

မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူလာစေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုတို့ သီးခြားတွေ့ဆုံခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဖိလစ်ပိုင် ခရီးစဉ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး မြန်မာ့ဆန်နှင့်ဆန်ကွဲအပါအဝင် ပဲတီစိမ်း၊ ပြောင်းများကို ဝယ်ယူနေသည့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုနှင့် သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းခရီးစဉ်ကို ဇွန် ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်ကုမ္ပဏီများနှင့် ကုန်သွယ်မှု

အခွင့်အလမ်းများ တိုးမြှင့်နိုင်ရန်၊ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များကြား ရင်းနှီးခင်မင်မှုတိုးပွားစေရန်၊ အဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ်ရေးတိုးမြှင့်ရန်နှင့် ဈေးကွက်သတင်းအချက်အလက်များဖလှယ်နိုင်ရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (DTI) လက်အောက်ရှိ ဖိလစ်ပိုင် နိုင်ငံတကာ ကုန်သွယ်ရေးကော်ပိုရေးရှင်း (PITC)၏ President & CEO USEC Emmie Liza Perez-Chiong DMD နှင့် တွေ့ဆုံ၍လည်း PITC နှင့် MRF တို့အကြား ပူးပေါင်းဆောင်ရွက်မည့် Memorandum of Agreement(MOA) ကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာအဖွဲ့သည် အဆိုပါ ခရီးစဉ်အတွင်း ဖိလစ်ပိုင်ကုန်သည်/စက်မှုအသင်းချုပ် (PCCI) ဥက္ကဋ္ဌ ဖြစ်သူ Mr. George Barcelon နှင့် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအား မနီလာမြို့ PCCI Head Office တွင် သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့ဝင်များ ဖြစ်သည့်အားလျော်စွာ အာဆီယံစီးပွားရေးရပ်ဝန်းအတွင်း နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)က သတင်းထုတ်ပြန်ထားသည်။

**Source:** https://t.me/sdtimedaily

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဖိလစ်ပိုင်သို့ ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန်ဆွေးနွေးခဲ့ဟုဆို

ယခုနှစ်ကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာဆန်တန်ချိန်တစ်သိန်းတင်ပို့ရန်ဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ထံမှသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ဝင် ၁၅ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ ဇွန် ၆ ရက်မှ ၉ ရက်အထိသွားရောက်ခဲ့ပြီး ကုန်သွယ်မှုအခွင့်အလမ်းများတိုးမြှင့်ရန်၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးခင်မင်မှုတိုးပွားစေရန်၊ အဖွဲ့အစည်းများအချင်းချင်း ဆက်သွယ်ရေးတိုးမြှင့်ရန်၊ ဈေးကွက်သတင်း အချက်အလက်များ ဖလှယ်ရန် အဓိကရည်ရွယ်၍ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

MoU ကတော့ ဖိလစ်ပိုင်နိုင်ငံတကာကုန်သွယ်ရေးကော်ပိုရေးရှင်း (PITC) နဲ့ထိုးတာပါ။ လောလောဆယ် တန်တစ်သိန်း ပေါ့။ ဘယ်တော့တင်မယ်ဆိုတာ အသေးစိတ်တော့မပါသေးဘူး။ လာမယ့်မိုးစပါးပေါ်တဲ့အချိန် အောက်တိုဘာလကုန် နိုဝင်ဘာလထဲမှာ ရောင်းချဖို့အတွက်ပြောကြတာဟု ၎င်းက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်ကုန်သည်စက်မှုအသင်းချုပ် (PCCI) ဥက္ကဋ္ဌဖြစ်သူ Mr. George Barcelon နှင့် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များကို မနီလာမြို့ရှိ PCCI Head Office တွင်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်းတို့ ဝယ်ယူနေသည့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့ရသည့် အများဆုံးနိုင်ငံများမှာ EU နှင့် တရုတ်နိုင်ငံပြီးပါက ဖိလစ်ပိုင်နိုင်ငံဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်း ဒုတိယဆန်တင်ပို့မှုအများဆုံးနိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ ဆန်ဈေးနှုန်းမြင့်တက်နေပြီး ယနေ့(ဇွန် ၁၃ ရက်) ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၅,၀၀၀ မှ ၁၁၂,၀၀၀၊ ပျုံရှယ်ဆန်တစ်အိတ်လျှင် ကျပ် ၈၈,၀၀၀ မှ ၉၂,၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၇၈,၀၀၀ မှ ၈၀,၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ မှ ၆၂,၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၅၆,၀၀၀ မှ ၅၈,၀၀၀ တို့ရှိကြောင်း ဆန်စပါးကုန်သည်များအသင်းထံမှ သိရသည်။

**Source:** https://t.me/sdtimedaily

## ဩဂုတ်လအတွင်း တရုတ်နိုင်ငံတွင်ကျင်းပမည့် ကုန်စည်ပြပွဲနှစ်ခုသို့ မြန်မာလုပ်ငန်းရှင်များ ဝင်ရောက်ပြသရန် ဖိတ်ကြားခံရ

လာမည့် ဩဂုတ်လတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) သွင်းကုန်-ပို့ကုန် ကုန်စည်ပြပွဲနှင့် (၇) ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြားခံရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှသိရသည်။

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) သွင်းကုန်-ပို့ကုန် ကုန်စည်ပြပွဲ (7th China South Asia Exposition and 27th China (Kunming) Import & Export Fair ) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်မှ (၁၈) ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ Online နှင့် Offline ပုံစံနှစ်မျိုးဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပနေစဉ်ကာလအတွင်း ပြပွဲပြသသူများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား စီးပွားရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ ပြပွဲ၌ ပါဝင်ပြသခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ပြပွဲပြသသူများ၊ ဝယ်ယူသူများကိုလည်း ပါဝင်တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

ပြပွဲတွင် ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@ myantrade. gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း အသိပေးထားသည်။

**Source: Popular News Journal**

## ပြည်တွင်းစားသုံးမှု ပုံမှန်ရှိနေသည့်အတွက် ငရုတ်သီးခြောက် အမြင့်ဈေးတွင်ရှိ




ပြည်တွင်းစားသုံးမှု ပုံမှန်ရှိနေသည့်အတွက် ငရုတ်သီးခြောက် အမြင့်ဈေးတွင်ရှိနေခြင်း ဖြစ်ကြောင်း ငရုတ်သီး ဝယ်ရောင်းလုပ်ကိုင်သူများထံမှ သိရသည်။

ပြည်ပဝယ်ယူမှု လျော့နည်းနေသော်လည်း ပြည်တွင်းထွက်ရှိမှုမှာ ပြည်တွင်းစားသုံးမှုနှင့်တင် လုံလောက်မှုရှိနေသည့်အတွက် ဈေးနှုန်းမှာ အမြင့်ဈေးတွေ ငြိမ်နေခြင်းဖြစ်ကြောင်း သိရသည်။ "ဈေးက အတက်ဈေးနဲ့ ငြိမ်နေတာကြာပြီ၊ ပုံမှန်ပဲသွားနေတယ်။ အရောင်းအဝယ်တော့ အနည်းလေးအေးတယ်။ ပြီးခဲ့တဲ့နှစ်လောက် ဈေးကွက်မဖြစ်လောက်ဘူး၊ ဖလပိုင်းတောင်ရောက်ပြီလေ။ ဆက်တက်ရင်လဲ ၁၇၀၀၀၊ ၁၈၀၀၀ မကျော်ဘူး။ ပြီးခဲ့တဲ့နှစ်က ၂၀၀၀၀ ကျော်ထိရခဲ့တာ။ တောင်သူအတွက်တော့ ဒီဈေးက တွက်ခြေကိုက်တယ်။ လှောင်ကုန်ထားတဲ့သူတွေကတော့ ဒီဈေးနဲ့မကိုက်ဘူး" ဟု ညောင်တုန်းမြို့နယ်မှ ငရုတ်စိုက်၊ ဝယ်ရောင်းလုပ်ကိုင်သူ ဦးဇော်နိုင်ဦးကပြောသည်။

လက်ရှိ ငရုတ်သီးခြောက် အောက်စသီး တစ်ပိဿာလျှင် ၁၁၀၀၀ မှ ၁၃၀၀၀ အထိရှိပြီး မိုးထောင်သီး တစ်ပိဿာလျှင် ၁၃၀၀၀ မှ ၁၄၀၀၀ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။ ငရုတ်သီးခြောက်မှာ ဈေးတက်နေသော်လည်း ပြီးခဲ့သည့် နှစ်များနှင့် ယှဉ်ပါက အရောင်းဝယ်ကျဆင်းကာ ဈေးနှုန်း ကျဆင်းနေကြောင်း ကုန်သည်များမှဆိုသည်။ ယခင်နှစ်များက ငရုတ်သီးခြောက် တစ်ပိဿာလျှင် နှစ်သောင်းကျော်ထိ ရရှိခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် နှစ်များက သွင်းအားစုများဖြစ်သည့် မြေဩဇာနှင့်စက်ပစ္စည်းများက ဈေးကြီးနေခြင်းကြောင့် ပုံမှန် စိုက်ပျိုးနေသည့် ငရုတ်သီးစိုက်တောင်သူများအနေဖြင့် အရင်းအနှီးများ၍ မစိုက်ခဲ့ကာ ဈေးကွက်တွင်အဝင်နည်းပြီး ပြည်တွင်း၌ ငရုတ်သီးခြောက်ဈေး အမြင့်ဈေးတွင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ငရုတ်သီးကုန်သည်များထံမှ သိရသည်။

သို့သော် ယခုနှစ်တွင် သွင်းအားစုများ အနည်းငယ် ဈေးကျဆင်းသွားပြီး ငရုတ်စိုက်ချိန် ရာသီဥတုကောင်းခဲ့ခြင်းကြောင့် အထွက်နှုန်း အနည်းငယ်ကောင်းခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ဖြင့် ယှဉ်ပါက အနည်းငယ်သာ ဈေးကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။ "ငရုတ်သီးက အခြေခံစားသောက်ကုန်ထဲမှာပါတော့ မဖြစ်မနေ ဝယ်ရတဲ့သူတွေ ရှိကြ တာပေါ့။ ငရုတ်သီးခြောက်

ဈေးက တက်နေတယ်။ ဒီနှစ်က တောင်သူကော ရောင်းတဲ့သူကော အဆင်ပြေတယ်လို့ကြားရတယ်။ စိုက်ပျိုးတဲ့သူလဲ နည်းခဲ့တာဆိုတော့ ဈေးကအမြင့်ဈေးမှာပါ” ဟု နေပြည်တော် နယ်ဝေးမြို့နယ်မှ ဧရာ်သီးကုန်သည်တစ်ဦးကပြောသည်။

လက်ရှိ ပြည်ပသို့တင်ပို့ရန် လာရောက်ဝယ်ယူသည့် ဝယ်လိုအားမှာလျော့ကျနေကြောင်း ပြည်ပတင်ပို့နေသည့်သူများကို ရောင်းချနေသည့် တောင်သူများထံမှသိရသည်။

ပြည်ပတင်ပို့ရာတွင် ဒေါ်လာလဲလှယ်မှု အပါအဝင် တခြားမူဝါဒ အကန့်အသတ်များရှိနေခြင်း တင်ပို့ရန် အခက်ခဲရှိနေသလို ပြည်တွင်း၌လည်း ပစ္စည်းလက်ကျန်နည်းနေသည့်အတွက် ဧရာ်တင်ပို့မှုမှာလည်း ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းနေကြောင်း ကုန်သည်များထံမှ သိရသည်။

“အခုတော့ ပြည်ပက ဈေးအများကြီးမလိုက်ဘူး။ ပထမ မိုးထောင်သီးတုန်းက လှိုင်သွားတယ်။ နောက်ပိုင်းနည်းနည်း ကျသွားတယ်။ ပြည်တွင်းဧရာ်သီးက ပြည်တွင်းစားသုံးသူနဲ့ ကွက်တိကျတယ်။ ပြည်တွင်းမှာပဲဈေးရတယ်။ ပြည်ပက ပြည်တွင်းလောက်တောင် မပေးနိုင်တာတွေရှိတယ်။ အဲဒီတော့ တော်ယုံတန်ယုံ မတင်ပို့နိုင်ကြဘူး” ဟု ဧရာ်သီး ပြည်ပ တင်ပို့နေသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံရှိ ဧရာ်သီးအား ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယမ်နမ်၊ လာအို၊ မလေးရှားစသည်နိုင်ငံများသို့ တင်ပို့ နေကြောင်းသိရသည်။

(AMIA)

**Source:** https://t.me/htwettoe

TIR